

# COVID-19 ကိုဗစ်- ၁၉ ကာကွယ်ဆေးများနှင့်ပတ်သတ်သော အချက်အလက်များ

## ကာကွယ်ဆေးများ (ဆေးထိုးခြင်းများ) သည် COVID-19 ကူးစက်ရောဂါအား ကျွန်ုပ်တို့တိုက်ဖျက်ရန် ကိရိယာပစ္စည်း တစ်ခုဖြစ်သည်။








ဤရောဂါအားရပ်တန့်ရန် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ကာကွယ်ရေးပစ္စည်းကိရိယာများအားလုံးကို အသုံးပြုရန်လိုအပ်သည်။ ကာကွယ်ဆေးများသည် သင့်ကျန်းမာရေးကိုကာကွယ်ရန်နှင့် ရောဂါအားကာကွယ်ရန် အထိရောက်ဆုံးသော ပစ္စည်းကိရိယာတစ်ခုဖြစ်သည်။ ကာကွယ်ဆေးများသည် သင့်ကိုယ်ခန္ဓာ၏ သဘာဝကာကွယ်မှုများနှင့်အတူလုပ်ဆောင်သောကြောင့် (ကိုယ်ခံအားစနစ်ဟုလည်းခေါ်သည်) အကယ်၍ သင်သည် ရောဂါနှင့် ထိတွေ့မှုရှိလာသောအခါ **သင့်ကိုယ်ခန္ဓာသည် ထိုရောဂါ ပိုးအားတိုက်ရန် အဆင်သင့်ဖြစ်**နေလိမ့်မည်။ အခြားလုပ်ဆောင်မှုများဖြစ်သော သင့်နှာခေါင်းနှင့် ပါးစပ်အားနှာခေါင်းစီးတစ်ခုဖြင့် ဖုံးအုပ်ထားပြီး သင်နှင့်အတူနေထိုင် ခြင်းမရှိသော အခြားသူများနှင့် ၆ ပေအကွာတွင်နေခြင်းဖြင့်လည်း COVID-19 ရောဂါပျံ့နှံ့ခြင်းအား ရပ်တန့်ရန်ကူညီနိုင်သည်။

လေ့လာမှုများအရ COVID-19 **ကာကွယ်ဆေးများသည်** သင့်အား COVID-19 မရရှိစေရန် **အလွန်ထိရောက်**ကြောင်း ဖော်ပြကြသည်။ ကျွမ်းကျင်သူများကလည်း COVID-19 ကာကွယ်ဆေးထိုးခြင်းသည် သင် COVID-19 ရောဂါရရှိခဲ့သော်လည်း သင့်အား ပြင်းထန်စွာဖျားနာခြင်းမှကာကွယ်ရန် အထောက်အကူပြုနိုင်သည်ဟု ယူဆကြသည်။ ဤကာကွယ်ဆေးများသည် ၎င်းတို့အားဖြင့် သင့်အား ရောဂါမပေးနိုင်ပါ။






**ကာကွယ်ဆေးများသည် အန္တရာယ်ကင်းပါသည်။** U.S. ကာကွယ်ဆေးဘေးကင်းလုံခြုံရေးစနစ်မှာ ကာကွယ်ဆေးအားလုံးအား တတ်နိုင်သမျှ လုံခြုံစိတ်ချမှုရှိစေရန် သေချာစေပါသည်။ အသုံးပြုနေသော COVID-19 ကာကွယ်ဆေးအားလုံးသည် နှစ်များစွာ တလျှောက်တွင်ထုတ်ထုတ်ခဲ့သော အခြားသောကာကွယ်ဆေးများနှင့် တူညီသောဘေးကင်းခြင်းစမ်းသပ်မှုများပြုလုပ်ခဲ့ပြီး တူညီသောစံနှုန်းထားများ ရောက်ရှိခဲ့သည်။ တစ်နိုင်ငံလုံးတွင် ထားရှိသောစနစ်တစ်ခုမှာ CDC အား ဘေးကင်းလုံခြုံရေးဆိုင်ရာကိစ္စများနှင့် ကာကွယ်ဆေးများ ဘေးကင်းစွာရှိနေခြင်းအားသေချာရန် စောင့်ကြည့်စစ်ဆေး ခွင့်ပြုထားသည်။

**အမျိုးမတူသော COVID-19 ကာကွယ်ဆေးအမျိုးအစားများရနိုင်ပါသည်။** ဤကာကွယ်ဆေးအမျိုးအစားများကို နှစ်ကြိမ်ထိုးပေးမည်ဖြစ်ပြီး တစ်ကြိမ်လျှင်တစ်ချောင်းဖြစ်ကာ အချိန်ခြားမည်ဖြစ်သည်။ ပထမအကြိမ်ဆေးထိုးခြင်းသည် သင့်ကိုယ်ခန္ဓာအား အဆင်သင့်ဖြစ်စေသည်။ ဒုတိယအကြိမ်ဆေးထိုးခြင်းသည် သုံးပတ်အကြာတွင်ဖြစ်ပြီး သင့်အား အပြည့်အဝကာကွယ်မှုရှိရန် သေချာစေခြင်းဖြစ်သည်။ အကယ်၍ သင်သည် ဆေးနှစ်ချောင်း ထိုးရမည်ဟုပြောခြင်းခံခဲ့ရသော် သင်ထိုနှစ်ချောင်းစလုံးအားထိုးရန် သေချာစေပါ။ ကာကွယ်ဆေးများသည် အနည်းငယ်ကွဲပြားသောနည်းလမ်းများအားဖြင့် အလုပ်လုပ်သော်လည်း ကာကွယ်ဆေးအမျိုးအစားများအားလုံးသည် သင့်အားကာကွယ်ရန် ကူညီပေးလိမ့်မည်။

12/23/20

www.cdc.gov/coronavirus/vaccines



ကာကွယ်ဆေးများသည် အချို့သောလူများ၌ ကြွက်သားနာခြင်း၊ မောပန်းသည်ဟုခံစားရခြင်း သို့မဟုတ် အဖျားဖျော့ဖျော့ရှိခြင်းကဲ့သို့ ဘေးထွက်ဆိုးကျိုးများဖြစ်စေနိုင်သည်။ ဤတုံ့ပြန်မှုများမှာ ကာကွယ်ဆေးသည် COVID-19 ပိုးနှင့်ထိတွေ့မိလျှင် သင့်ကိုယ်ခန္ဓာတွင် ထိုပိုးအား မည်သို့တိုက်ဖျက်ရမည်ကို ကာကွယ်ဆေးမှ သင်ပေးရန် ကူညီလုပ်ဆောင်ခြင်းဖြစ်သည်။ လူအများစုအတွက် ထိုဘေးထွက်ဆိုးကျိုးများသည် တစ်ရက် သို့မဟုတ် နှစ်ရက်ထက်ပိုကြာမည်မဟုတ်ပါ။ **ဤဘေးထွက်ဆိုး ကျိုးအမျိုးအစားများရှိခြင်းသည် သင်၌ COVID-19 ရှိသည်ဟု မဆိုလိုပါ။** သင့်ဆေးထိုးပြီးနောက်သင့် ကျန်းမာရေးနှင့်ပတ်သက်သော မေးခွန်းများရှိပါက သင့်ဆရာဝန်၊ သူနာပြု သို့မဟုတ် ဆေးခန်းသို့ဖုန်းခေါ်ပါ။ မည်သည့်ဆေးဝါး တစ်ခုတွင်မဆိုအလွန်ရှားပါးသော်လည်း ဖြစ်တတ်သော အသက်မရှုနိုင်ခြင်းကဲ့သို့သော ပြင်းထန်သော တုံ့ပြန်မှုတစ်ခု ဖြစ်နိုင်သည်။ ထိုကဲ့သို့ဖြစ်ရန် အလွန်မဖြစ်နိုင်ပါ။ သို့သော် ထိုသို့ဖြစ်ခဲ့သော် 911 သို့ ဖုန်းခေါ်ဆိုပါ သို့မဟုတ် အနီးဆုံးအရေးပေါ်ခန်းသို့ သွားပါ။



**သင်ကာကွယ်ဆေးထိုးမှုရယူသည့်အချိန်တွင် သင်နှင့် သင့်ကျန်းမာရေးစောင့်ရှောက်မှုဝန်ထမ်းနှစ်ဦးစလုံးသည် နှာခေါင်းစည်း/မျက်နှာဖုံးများ ဝတ်ဆင်ထားရန် လိုအပ်သည်။**

CDC မှ ကူးစက်ရောဂါဖြစ်ပွားနေစဉ်အတောအတွင်းတွင် လူများသည် သူတို့မိသားစုပြင်ပရှိလူများနှင့်ထိတွေ့စဉ်၊ ကျန်းမာရေးစောင့်ရှောက်မှုနေရာများနှင့် COVID-19 ကာကွယ်ဆေးတစ်ခုအပါအဝင် မည်သည့်ကာကွယ်ဆေးကိုမဆိုထိုးစဉ်တွင် သူတို့နှာခေါင်းနှင့် ပါးစပ်များကို ဖုံးအုပ်သည့် နှာခေါင်းစည်း/ မျက်နှာဖုံးတစ်ခုအားဝတ်ဆင်ရန် အကြံပြုထားသည်။











**သင်ကာကွယ်ဆေးထိုးပြီးသည့်နောက်ပင်လျှင်** သင့်နှာခေါင်း**နှင့်**ပါးစပ်များကို ဖုံးအုပ်ထားသည့် မျက်နှာဖုံး/ နှာခေါင်းစည်းတစ်ခုဆက်လက်တပ်ဆင်ခြင်း၊ သင့်လက်များအား မကြာခဏဆေးကြောခြင်းနှင့် သင်နှင့်အတူမနေထိုင်သောသူများနှင့် အနည်းဆုံး ၆ ပေအကွာတွင်ရှိရန် လိုအပ်နေဦးမည်ဖြစ်သည်။ ဤအရာသည် သင်နှင့် အခြားသူများအား ဗိုင်းရပ်စ်ပိုးကူးစက်ခြင်းမှ အကောင်းဆုံးကာကွယ်မှုပေးခြင်းဖြစ်သည်။ ယခုအချိန်တွင် ကျွမ်းကျင်သူများက ကာကွယ်ဆေးသည် သင့်အားမည်မျှကြာအောင်ကာကွယ်ပေးမည်ကိုမသိသောကြောင့် CDC နှင့် သင့်ကျန်းမာရေးဌာန၏လမ်းညွှန်ချက်များကို ဆက်လက်လိုက်နာခြင်းသည် ကောင်းသောခံယူချက်တစ်ခုဖြစ်သည်။ **လူတိုင်း သည် ချက်ချင်းကာကွယ်ဆေးရရန်မဖြစ်နိုင်သည်ကိုလည်း ကျွန်ုပ်တို့သိထားသောကြောင့် မိမိကိုယ်တိုင်နှင့် အခြားသူများအားကာကွယ်ရန် အရေးကြီးနေဆဲဖြစ်သည်။**